# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

# (၁၂) ရက်မြောက်နေ့ အစီအစဉ်

# [ ၆–၁၂–၂၀၁၆ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်တတိယပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **မောက်မယ်မြို့နယ်ရှိ ဟိုနမ့်ကျေးရွာအုပ်စု၊ ထီတခေါ့ ရေထွက်ကန်ကြီး ဘက်စုံပြုပြင်ပေးမည့် အစီအစဉ်နှင့် ပန်းတန်ကျေးရွာအုပ်စု၊ နောက်ခိုက်လျှိုပိတ်တမံကြီး၏ တောင်ကျရေလွှဲ လမ်းကြောင်းအား ကျောက်စီနံရံထိန်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်၏ **အများပိုင် သမဝါယမအသင်းများ၏ မြေနေရာများ၊ အဆောက်အဉီများ၏ စာရင်းနှင့် ယင်းမြေနေရာနှင့် အဆောက်အဉီများအား မည်သို့စီမံဆောင်ရွက်ထားသည်ကို ကြပ်မတ်စစ်ဆေး၍ အစုရှယ်ယာထည့်ဝင်ထားသော ပြည်သူများအား အမြတ်ဝေစုများ ပေးအပ်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခွန်မောင်သောင်း၊ ပင်လောင်း မဲဆန္ဒနယ်၏ **ပင်လောင်းမြို့ရှိ ရင်းမိုး ရပ်ကွက်နှင့် ကိုးခေါင်ရပ်ကွက်၊ နောင်တရားမြို့ရှိ မြို့ဧရိယာ (၂၇၀၉) ဧကနှင့် ရပ်ကွက် (၃)ရပ်ကွက်၊ ပေါင်းလောင်းမြို့ ရပ်ကွက် (၆) ရပ်ကွက်တို့အား မြို့ကွက်များဖြင့် စနစ်တကျ တည်ရှိနိုင်ရေး ကွက်စိတ်ကွက်ကြဲ တိုင်းတာပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်က **"ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့် မြင့်မားရေးအတွက် ကျေးလက်အိမ်ရာများနှင့် လမ်းတံတားများ စနစ်တကျ နေရာချထားပြီး မြေငှားဂရန်များ ပြုလုပ်ပေးရန်နှင့် အဆင့်မြင့် လယ်ယာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအပါအဝင် အသေးစား၊ အလတ်စား ကုန်ထုတ် လုပ်ငန်းများဖြင့် ဘက်စုံဖွံ့ဖြိုးအောင် စီမံချက်ချမှတ် အကောင်အထည် ဖော်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည် မဲဆန္ဒနယ်က တင်သွင်းသည့် **"မြန်မာ့ လယ်ယာ ဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးရာတွင် ကျေးရွာဘဏ် ကော်မတီများကို စနစ်တကျဖွဲ့စည်း၍ ကျေးရွာအရောက်**

**သွားရောက် ဈေးပေးသော ပုံစံ ပြောင်းလဲဆောင်ရွက်ပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးတင်ထွေး၊ ဝေါ မဲဆန္ဒနယ်၊

(ခ) ဦးခွန်သန်းထူး၊ ဆီဆိုင် မဲဆန္ဒနယ်၊

(ဂ) ဒေါ်ခင်စန္ဒီ၊ လောင်းလုံး မဲဆန္ဒနယ်၊

(ဃ) ဒေါက်တာဦးခင်မောင်သင်း၊ အရာတော် မဲဆန္ဒနယ်၊

(င) ဒေါ်ဝင့်ဝါထွန်း၊ ရှားတော မဲဆန္ဒနယ်၊

(စ) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်

(ဆ) ဦးထွန်းထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်၊

(ဇ) ဦးအောင်မြင့်၊ သာယာဝတီ မဲဆန္ဒနယ်၊

(ဈ) ဦးမောင်မောင်၊ ထီးချိုင့် မဲဆန္ဒနယ်၊

(ည) ဦးစိန်ဝင်း၊ မအူပင် မဲဆန္ဒနယ်၊

(ဋ) ဦးမြတ်လေးဦး၊ ထီးလင်း မဲဆန္ဒနယ်၊

(ဌ) ဦးအောင်သန်း၊ သဲကုန်း မဲဆန္ဒနယ်

(ဍ) ဦးအောင်စိုးမင်း၊ ရွာငံ မဲဆန္ဒနယ်၊

(ဎ) ဦးမျိုးဇော်အောင်၊ ကောလင်း မဲဆန္ဒနယ်၊

(ဏ) ဦးသန်းထွန်းမြင့်၊ ကလေးဝ မဲဆန္ဒနယ်၊

(တ) ဗိုလ်မှူး ကျော်မင်းဟန်၊ တပ်မတော်သား ကိုယ်စားလှယ်၊

(ထ) ဒေါက်တာဒေါ်ကြည်မို့မို့လွင်၊ စဥ့်ကိုင် မဲဆန္ဒနယ်၊

၉။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။